ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၀၀ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက် )

**ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ယူဆောက်လုပ်ရမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ရန်ပုံငွေထပ်မံတောင်းခံခြင်းကိစ္စရပ်များအား ငွေလုံးငွေရင်းဆိုင်ရာညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးအတွက် **"ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဓ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ကိုယ်စားလှယ်တစ်ဦး<br>စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ်တစ်ဦး<br>ငွေစာရင်းရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့ (ငွေလုံးငွေရင်း) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနအလိုက် တာဝန်ယူဆောက်လုပ်ရမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေအရ ငွေလုံးငွေရင်းအသုံးစရိတ်များ ပြုပြင်လျာထားရန်နှင့် နောင်နှစ်လိုအပ်သည့်ရန်ပုံငွေများကို ကြိုတင်ညှိနှိုင်းရန်၊

(ခ) ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့်လုပ်ငန်းများအတွက် လိုအပ်သည့် ပစ္စည်းရရှိနိုင်မှုနှင့် စက်၊ ယန္တရားများသုံးစွဲနိုင်မှုအရ လုပ်ငန်းများကို ဦးစားပေးအစီအစဉ်များ ချမှတ်ပေးရန်၊

(ဂ) နိုင်ငံခြားချေးငွေ၊ ထောက်ပံ့ငွေများဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ကို အဖွဲ့အစည်းတစ်ခုထက်ပို၍ ပူးပေါင်းဆောင်ရွက်ရသည့်ကိစ္စရပ်များတွင် တစ်စုတစ်စည်းတည်း သက်ဆိုင်ရာအဖွဲ့အစည်းများကို ခေါ်ယူညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံတောင်းခံခြင်း၊ နေရာဒေသပြောင်းလဲခြင်း၊ ပုံစံပြောင်းလဲခြင်းများပြုလုပ်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများမှတင်ပြလာသည့်အခါ စိစစ်ဆောင်ရွက်ပေးရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၅ - ၂ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၉ / ၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ